## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၁၃၉** / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

### မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် စိစစ်ကြပ်မတ်နိုင်ရေးတို့အတွက် **"မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ "** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>အမျိုးသားလုံခြုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ် ( ၁ ) ဦး<br>**မှုခင်းရဲတပ်ဖွဲ့** | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) | အဖွဲ့ဝင် |

(ည) ကိုယ်စားလှယ် ( ၁ ) ဦး — အတွင်းရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဋ) ကိုယ်စားလှယ် ( ၁ ) ဦး — တွဲဖက်အတွင်းရေးမှူး
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

၂။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကြီးကြပ်မှုကော်မတီသည် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုထုတ်ပြန်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်စေရေး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ၂၀၁၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေစသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်လမ်းညွှန်ပေးရန်၊

(ခ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များဖြစ်ပွားမှုမရှိစေရေးနှင့် ကောင်းမွန်လုံခြုံသော ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူများ အသုံးပြုနိုင်ရေး မူဝါဒများနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ပေးရန်၊

(ဂ) မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများအား ကြီးကြပ်ထိန်းချုပ်နိုင်ရေး လိုအပ်သည့်ဆပ်ကော်မတီများ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့များအား သက်ဆိုင်ရာဌာန၏ လုပ်ငန်းတာဝန်အလိုက် ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန်နှင့်ဝတ္တရားများကို ချမှတ်ပေးရန်၊

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာစည်းမျဉ်း (ငွေရေးကြေးရေး ဥပဒေ/ စည်းမျဉ်း/ ၀၁/၀၃–၂၀၁၆)နှင့် မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၄/၂၀၁၃)တို့အပေါ် စိစစ်ပြီး ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည့်အချက်အလက်များအား ပြုစုတင်ပြရန်၊

(င) မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(စ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များထုတ်ပြန်ရန်နှင့် ကော်မတီဝင်အဖွဲ့အစည်းများမှ လိုအပ်ချက်ပေါ်မူတည်ပြီး အကြံပြုတင်ပြလာသည်များကို အတည်ပြု၍ စည်းကမ်းချက်များ ထပ်မံထုတ်ပြန်ရန်၊

(ဆ) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း အသုံးပြုသူများ၏ အချက်အလက်များအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနများရှိ အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးသွားနိုင်ရေး ကြီးကြပ်မှုကော်မတီမှ ညှိနှိုင်း ဆောင်ရွက်သွားရန်၊

(ဇ) ကြီးကြပ်မှုကော်မတီသည် ယင်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက်လိုအပ်ချက်ပေါ်မူတည်၍ အစည်းအဝေးကျင်းပပြုလုပ်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး